လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)
အမှတ် (၁၂၄)၊ စတုတ္ထထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေး (၄/၂၀၁၉) ၏
## လက်ရှိ နိုင်ငံရေးအခြေအနေ သုံးသပ်ချက်
(၂၈၊ ၄၊ ၂၀၁၉)

၁။ လက်ရှိ NLD အစိုးရအနေအထားမှာ တရုတ်၊ ရုရှတို့အပေါ် နိုင်ငံရေး၊ စီးပွားရေးတို့အရ မှီခိုမှု အားကြီးနေခြင်း၊ ရခိုင်အရေးအကြောင်းပြုလျက် အနောက်အုပ်စုနှင့် ဆက်ဆံရေး လုံးဝနီးပါး ပြတ်တောက်နေခြင်း၊ ရခိုင်ပြည်၊ ရှမ်းပြည်အချို့ဒေသများ၊ ကချင်ဒေသအချို့၊ ကရင်ဒေသအချို့တို့တွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေခြင်း၊ လူထု၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ စသည့် ကဏ္ဍအသီးသီးတွင် ဒီမိုကရေစီဘောင် ကျဉ်းကျုံ့လာမှု၊ တိုင်းပြည်တွင်း ကြီးမားသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကြီးများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ် ရပ်တန့်နေခြင်း၊ လွှတ်တော်တွင်း ၂၀၀၈ ပြင်ဆင်ရေးလုပ်ငန်း၏ တိုးတက်မှုအလားအလာ နည်းခြင်း၊ မြစ်ဆုံဆည်စီမံကိန်းကိစ္စနှင့် ပတ်သက်၍ လူထု၏ ဆန့်ကျင်လှုပ်ရှားလာမှုများ စသည်တို့ကို တွေ့မြင်ရသည်။

၂။ တိုင်းရင်းသားလူမျိုးစုများနှင့် နိုင်ငံရေးအင်အားစုများဝန်းကျင်တွင် အစိုးရနှင့် နိုင်ငံရေးအဖွဲ့အပေါ် ယုံကြည်မျှော်လင့်မှု အားနည်းခြင်း၊ စည်ပင်ရွေးကောက်ပွဲများ၌ မဲပေးသူ အလွန်အမင်း ကျဆင်းခြင်းတို့ကို အကျိုးဆက်များအဖြစ် တွေ့ရသည်။

၃။ NLD အစိုးရ၏ လတ်တလော ရေ့ရှုဦးတည်ချက်သည် ၂၀၂၀ ရွေးကောက်ပွဲ မဲအနိုင်ရရေးကို ဦးတည်နေသည်ဟု ခန့်မှန်းမိပါသည်။ တပြိုင်တည်းတွင် စစ်အာဏာရှင်အုပ်စု၏ ဦးတည်ချက်မှာ ၂၀၂၀ တွင် NLD မဲရရှိမှု နည်းပါးလျက်၊ ၎င်းတို့၏ လက်ဝေခံပါတီ အများအပြားထံ မဲများပြန့်ထွက်စေရေး၊ ၂၀၂၀ အလွန် လွှတ်တော်၌ ၎င်းတို့သဘောထား အသာစီးရနိုင်ရေးကို ဦးတည်သည်ဟု ခန့်မှန်းရပါသည်။

၄။ အလားအလာများကို အောက်ပါအတိုင်း ခန့်မှန်းမိပါသည်။
(က) တရုတ်၊ ဂျပန်၊ ရုရှ စသည့် အထောက်အပံ့ အကူအညီများ၊ ရင်နှီးမြှုပ်နှံမှုများကြောင့် တိုင်းပြည် စီးပွားရေးတွင် အပြင်ဗန်းအပြ (ဂျီဒီပီ အညွှန်းကိန်းကဲ့သို့) တိုးတက်မှုများ မြင်တွေ့ရနိုင်သည်။
(ခ) အပစ်အခတ်ရပ်စဲရေး သက်တန်းတိုးမှု၊ NCA အခြေခံသော ငြိမ်းချမ်းရေး ဖော်ဆောင်မှုများ၊ ဆွေးနွေးပွဲများ ဆက်လက်ရှိနေနိုင်သည်။
(ဂ) အောင်အောင်မြင်မြင် မဖြစ်သည့်တိုင် ၂၀၀၈ ပြင်ဆင်ရေး လှုပ်ရှားမှု၊ မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်၍ ပါးပါးနပ်နပ်အသုံးချမှု၊ ပြည်သူအများစုက ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်လျှင် ပုဂ္ဂိုလ်ရေးအရ ဆက်လက် မျှော်လင့်အားထားနေမှု စသည်တို့မှာ အထက်ပါအခြေအနေများနှင့် ပေါင်းစပ်လျက် ၂၀၂၀ ရွေးကောက်ပွဲတွင် NLD ပါတီ မဲအများစုရရှိရေးကို ဖြစ်ပေါ်စေနိုင်သည်။
သို့သော် နှိုင်းယှဉ်ချက်အရ မဲအပြတ်အသတ် နိုင်ခြေနည်းသည့်အတွက် ၂၀၂၀ အလွန် လွှတ်တော် တွင်း၌ NLD အနေဖြင့် ၎င်းအတွက် အားကောင်းသည့် မိတ်ဆွေကို လက်တွဲရန် ကြိုးစားမှုလည်း ရှိလာနိုင်ပါသည်။

(ဃ) ပွင့်လင်းမြင်သာမှုမရှိသော စီမံကိန်းများ၊ အောက်ခြေပြည်သူအများစု၏ လူမှုစီးပွားရေးဘဝကို အခြေခံကျကျ မြင့်တင်နိုင်ခြင်းမရှိမှု၊ စစ်အာဏာစိုးမိုးမှု ဆက်လက်တည်မြဲနေမှု၊ လူထု၏ ဒီမိုကရေစီအခွင့်အရေးများ လျစ်လျူရှုခံရမှု စသည်တို့ကြောင့် အခွင့်အရေး တောင်းဆိုလှုပ်ရှားမှုများလည်း ဆက်လက် ရှိနေလိမ့်မည်ဖြစ်သည်။ ပြည်တွင်းစစ်အခြေအနေ ဆက်လက်ရှိနေပြီး တိုင်းရင်းသားလူမျိုးစုများ မျှော်လင့်သည့် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးမှာ မရေမရာ အနေအထားတွင်ပင် ဆက်လက်ရှိနေမည်ဟု ခန့်မှန်းမိသည်။

၅။ မိမိတို့ပါတီအနေဖြင့် အများစု ပြည်သူလူထုကြီး၏ အခြေခံအခွင့်အရေးများအတွက် တောင်းဆိုလှုပ်ရှား ရုန်းကန်မှုများတွင် ဆက်စပ်ပါဝင်၍ စည်းရုံးရေးအင်အားကို တိုးချဲ့နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သလို၊ တပြိုင်တည်းတွင် အထက်ပါ အခြေအနေနှင့် အလားအလာများအောက်တွင် ၂၀၂၀ ရွေးကောက်ပွဲကို နည်းနာကြွယ်ကြွယ်၊ ရည်မှန်းချက်ရှိရှိ ဖြတ်သန်းနိုင်ရန် ပြင်ဆင်သင့်သည်ဟု တိုက်တွန်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**